# ကလေးများအတွက် သမ္မာကျမ်း

## လက်ဆောင်များ



ကောင်းကင်ဘုံ၊
ဘုရားသခင်၏
လှပသပ္ပါယ်သောအိမ်တော်

ရေးသားသူ: Edward Hughes

□□□□□□□□□□□□: Lazarus; Alastair Paterson

လက်ခံချိတ်ဆက်သူ: Sarah S.

ဘာသာပြန်သူ: Christian Lingua

ထုတ်လုပ်သူ: Bible for Children
www.M1914.org

©2020 Bible for Children, Inc.
လိုင်စင် - သင်သည်ဤဝတ္ထုကို မရောင်းမခြင်း၊ မိတ္တူနှင့်
ပုံနှိပ်မှုပြုလုပ်နိုင်သည်။

ယေရှုသည် မြေကမ္ဘာ၌နေစဉ်က တပည့်တော်များကို ကောင်းကင်ဘုံအကြောင်းကို ပြောပြခဲ့၏။ ကိုယ်တော်က ယင်းကို အိမ်ခန်းများစွာရှိသော ငါ့အဖ၏ အိမ်တော်ဟုဆိုခဲ့၏။ အိမ်ခန်းက



ကြီးမားပြီး လှပ၏။ ကောင်းကင်ဘုံအိမ်ဟူသည် မြေကမ္ဘာရှိအိမ်များထက် သာ၍ လှပခမ်းနားမှုရှိ၏။

ယေရှုက မိန့်ခဲ့၏၊ “ငါသွား၍ သင်တို့အတွက်
နေရာပြင်ဆင်ရမည်။ ငါသည် သင်တို့အတွက် သွား၍
နေစရာပြင်ဆင်ရမည်ဆိုလျှင် ငါသည် တဖန်ကြွလာ၍
သင်တို့ကိုငါ့ထံ ...



... သိမ်းဆည်းမည်။"

ယရှေသည် သခင်ပြီးမှပန်ရှင်ပီးနြာက်တွင်

ကစောင်းကင်ဘုံသိုပန်ကြွတြာ်မူခဲ့၏။ တပည့်တဓ်များ

ရှေ့တွင် ယရှေသည်

အထက်သို

...



... ဆောင်ယူခြင်းကိုခံယူတော်မူ၏။ မိုးတိမ်သည် ကိုယ်တော့်ကို သူတို့ မျက်ကွယ်သို့ ဆောင်ယူတော်မူ၏။



ထိုနောက် ထိုအချိန်မှစ၍ ခရစ်ယာန်များသည်
ယေရှု၏ကတိတော်ဖြစ်သော ကိုယ်တော်ပြန်ကြွ
လာကာ ယုံကြည်သူများကို သိမ်းဆည်းမည့်
ကတိတော်ကို သတိရကြ၏။
ယေရှုမိန့်တော်မူသည်မှာ
သူ့ကို မျှော်လင့်မှ




အနည်းဆုံးအချိန်တွင်မှ
ရုတ်တရက် သူပြန်ကြွလာမည်။

သို့သော် ကိုယ်တော်ပြန်၍ မကြွလာမီ သေခဲ့သော
ခရစ်ယာန်များအတွက်ရော အဘယ်နည်း?
သမ္မာကျမ်းကဆိုသည်မှာ သူတို့သည်
ယေရှုထံတော်၌ ရှင်းလင်းစွာ
ရောက်ရှိကြလိမ့်မည်။ ခန္ဓာမှ
ခွဲခွါရခြင်း (သေခြင်း)




သည် ကိုယ်တော့်ထံ
မှောက်တွင် ရောက်ရှိနေခြင်းပင် ဖြစ်၏။

ဗျာဒိတ်ကျမ်း၊ သမ္မာကျမ်း၏နောက်ဆုံးစာစောင်တွင်
အလွန်အံ့ဖွယ်ကောင်းသော ကောင်းကင်ဘုံ
အကြောင်းကို ပြောပြထား၏။ အံ့ဖွယ်အကောင်းဆုံးမှာ
ဘုရားသခင်၏ ကောင်းကင်အိမ်တော်ကို အထူး
နည်းဖြင့်



များစွာဖော်ပြထား၏။

ဘုရားသခင်သည် နေရာတိုင်းတွင်ရှိတော်မူ၏၊ သို့သော် ပလ္လင်တော်က ကောင်းကင်ဘုံ၌သာ ရှိပါ၏။





ကောင်းကင်ဘုံ၌ ကောင်းကင်တမန်များနှင့်
အခြားကောင်းကင်သတ္တဝါတို့သည် ဘုရားသခင်ကို
ဝတ်ပြုကိုးကွယ်ကြ၏။ သေသွားပြီး
ကောင်းကင်သို့ရောက်သွားခဲ့ကြသော
ဘုရားသခင်၏ လူတို့သည် လည်း
ထိုအတူပြုကြ၏။
သူတို့သည်
ဘုရားသခင်ကို
အထူးတေးများဖြင့်
ချီးမွမ်းသီဆိုကြ၏။



ဤတွင် သူတို့သီဆိုကြသော သီချင်းစာသားအချို့ ဖြစ်၏။
ကိုယ်တော်သည် အသသေတ်ခြင်း
ကို ခံတော်မူ၍ အသီးသီး
ဘာသာစကားကိုပြောသော
မျိုးခပ်သိမ်းတို့ထဲမှ
ကျွန်ုပ်တို့ကိုယူ၍
အသွေးတော်နှင့်
ဘုရားသခင်အဖို့
ရွေးနှုတ်တော်မူ၏။



ကျွန်ုပ်တို့ကို ဘုရားသခင်ရှေ့တွင်
ရှင်ဘုရင် အရာ၊
ယဇ်ပုရောဟိတ်အရာ၌
ခန့်ထားတော်မူ၏။ (ဗျာဒိတ် ၅း၉)



သမ္မာကျမ်း၏ နောက်ဆုံးစာမျက်နှာများတွင်
ကောင်းကင်ဘုံကို “ယေရုရှုလင်သစ်” ဟု ဖေါ်ပြထား၏။
ထိုမြို့သည် အလွန်အလွန်ကြီးပြီး မြင့်သောနံရံများဖြင့်



အပြင်တွင်
ကာရံထား၏။

ဖန်ကဲ့သို့ ကြည့်လင်သော နဂါးသွဲ့နံရံဖြစ်၏။
နံရံ၏အုတ်မြစ်ကို လင်းလက်နေသော ရတနာနှင့်
အဖိုးတန်ကျောက် မျက်အရောင်စုံဖြင့် ကာရံထား၏။





မြို့တံခါးဂိတ်များကို အလွန်ကြီးမားသော ပုလဲတစ်လုံးစီဖြင့်ပြုလုပ် ထား၏။



ထိုမဟာပုလဲတံခါးများမှာ ပိတ်သည်မရှိ။ သွား၍
အထဲသို့ ဝင်ကြည့်မည်ဆိုလျှင် ... အိုး!
ကောင်းကင်ဘုံသည်
အထဲတွင်
ပို၍လှပ၏။



မြို့တော်ကို ဖန်ကဲ့သို့ကြည်သော ရွှေစင်ဖြင့်ပြုလုပ်ထား၏။ လမ်းများကလည်း ရွှေခင်းထား၏။



ဘုရားသခင်၏ ပလ္လင်တော်မှ စီးဆင်းလာသော
အသက်မြစ်ရေသည် ကြည်လင်နေပြီးလှပ၏။ မြစ်ကမ်း
တစ်ဖက်တွင် အသက်ပင် ပေါက်နေ၏။
ဧဒင်ဥယျာဉ်ထဲတွင် ရှိခဲ့သော အပင်မျိုးဖြစ်၏။



အ လွန်ထူးခြားသော အပင်ဖြစ်၏။ လစဉ်
မတူကွဲပြားသော အသီး ၁၂ မျိုးကို သီးတတ်၏။
အသက်ပင်၏ အရွက်များသည် တိုင်းပြည်များ၏
အနာများကို ငြိမ်းစရေန်အတွက် ဖြစ်၏။



ကောင်းကင်ဘုံတွင် နေရောင်၊ လရောင်ကို မလိုအပ်ပေ။ ဘုရားသခင်၏ကိုယ်ပိုင် ဘုန်းတော် ရောင်ခြည်သည် အံ့ဖွယ်အလင်းကိုပေး၏။ ထိုနေရာတွင် ညဆိုတာလည်း လုံးဝမရှိ။



ကစောင်းကင်ဘုံရှိ တိရစ္ဆာန်များမှာလည်း ကွာခြား၏။
သူတို့သည် မိတ်ဆွေအဖြစ်ဖြင့် ယှဉ်ပါးနေ ကြ၏။
ဝံပုလွေနှင့် သိုးတို့သည် မျက်ခင်းပေါ်တွင် အတူ
အစာစားနကြေ၏။



အားကြီးသော ခြင်္သေ့ပေင် လျှင် နွားကဲ့သို့ မြက်ကို စားနေသည်။ ဘုရားသခင်က မိန့်တော်မူသည်မှာ "ငါ၏သန့်ရှင်းသော တောင် တော်ပေါ်တွင် သူတို့သည် အနာတရ (သို့) ပျက်စီးမှု ဖြစ်ကြလိမ့်မည်မဟုတ်။"



ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ကြည့်သောအခါ
ကောင်းကင်ဘုံတွင် မရှိသော
အရာများကို သတိ ပြုမိ၏။
ဒေါသစကားများကို
ဘယ်တော့မှ
မကြားကြ။



ရန်ဖြစ်ခြင်း (သို့) အတ္တရှိခြင်းသည် မည်သူ၌မှ မရှိ။
တံခါးများကိုသော့ခတ်ရန်မလို၊
အကြောင်းမှာ
ကောင်းကင်ဘုံတွင်
သူခိုးမရှိ၍ဖြစ်၏။



လူလိမ်၊ လူသတ်သမား၊
အောက်လမ်း-မှော်ဆရာ၊
ကောက်ကျစ်ယုတ်မာသူ
တစ်ယောက်မှမရှိ။
ကောင်းကင်ဘုံ တွင်
အပြစ်နှင့်ဆိုင်သောအရာ
တစ်ခုမှ မရှိ။



ကောင်းကင်ဘုံတွင် ဘုရားသခင်နှင့်
ရှိနေပြီး



မျက်ရည်ကျရန်လည်းမရှိချေ။
တစ်ခါတရံတွင် ဘုရားသခင်၏လူတို့
ငိုကြွသည့်အကြောင်းမှာ
ဤဘဝတွင် တွေ့ခဲ့ရသော
အလွန်ဝမ်းနည်းဖွယ်ရာများကြောင့်
ဖြစ်၏။

ကောင်းကင်ဘုံတွင်
ဘုရားသခင်သည်
မျက်ရည်အားလုံးကို
သုတ်ပေးတော်မူလိမ့်မည်။



ကောင်းကင်ဘုံတွင် သင်္ချိုင်းလည်းမရှိတော့။
ဘုရားသခင်၏ လူတို့သည် သခင်နှင့် အတူ ထာဝရ
ရှိကြလိမ့်မည်။ ထပ်မံ၍
ဝမ်းမနည်းကြတော့၊
မငိုကြတော့၊
နာကျင်မှုကို
မခံကြတော့။



ဖျားနာခြင်း မရှိ၊ ခွဲခွါခြင်းလည်း မရှိ၊ အသုဘလည်း မရှိတော့။ ကစောင်းကင်ဘုံရှိလူတိုင်းသည် ဘုရားသခင်နှင့် ထာဝရ ပျော်ရွှင်စွာ နေကြမည်။



အားလုံးထဲမှ အကောင်းဆုံးမှာ ကောင်းကင်ဘုံသည် ယောက်ျားလေး၊ မိန်းကလေးများအတွက် (နှင့် အရွယ်ရောက်သူများအတွက်လည်း) ဖြစ်သည်။ သူတို့သည် ယရှေခရစ်ကို သူတို့၏ သခင်အဖြစ်နာခံပြီး ကယ်တင်ရှင်အဖြစ် ယုံကြည်ကြသည်။



ကဓောင်းကင်ဘုံတွင် အသက်စာစဓောင်ဟုခေါ်သဓော စာအုပ်ရှိ၏။ လူတို့၏အမည်များနှင့်ပြည့်နေ ၏။ ထိုစာစဓောင်တွင် မည်သူတို့၏ အမည်များကို ရေးသားထားပါသနည်း?



ထိုသူအားလုံးတို့မှာ ယရှေ ခရစ်ကို ယုံကြည်ကိုးစားခဲ့သောသူများသာဖြစ်၏။ သင့်အမည်သည်




ယင်းတွင် ရှိပါသလော?

သမ္မာကျမ်းစာ၏ ကဗောင်းကင်ဘုံနှင့်ဆိုင်သော အံ့ဖွယ်ဖိတ်ခေါ်မှု နောက်ဆုံးစကားမှာ “ဝိညာဉ်တော်နှင့် သတို့သမီးက ‘လာပါ!’



ဟုဆို၏၊ 'လာပါ' ဟုဆိုသောအသံကို ကြားသောသူသည် လာပါစေ။ ရေငတ်သောသူလည်း လာပါစေ။ အလိုရှိသော လူတိုင်းသည်လည်း အသက်ရေကို အခမဲ့ ယူပါစေ။"



ကဓောင်းကင်ဘုံ၊ ဘုရားသခင်၏
လှပသပ္ပါယ်သဓာအိမ်တဓာ်

ဘုရားသခင်၏ နှုတ်ကပတ်တဓာ်ဝတ္ထု၊ သမ္မာကျမ်း

ကို တွင်တွေ့ ခဲ့

ယဓာဟန် ၁၄။ ၂ကဓာ ၅။ ဗျာဒိတ် ၄၊၂၁၊၂၂
"ကိုယ်တဓာ်၏ နှုတ်ကပတ်တဓာ်မှန်ဝသည်
အလင်းကိုပဓေး၏။." ဆာလံ ၁၁၉း၁၃၀


ပီးဓြါ

ဤသမ္မာကျမ်းဝတ္ထုသည် ကျွန်ုပ်တို့အား အံ့ဖွယ်ကောင်းလှသော ဘုရားသခင်အကြောင်းကို ပြောပြပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့အားဖန်ဆင်းခဲ့ကာ သင်တို့သည် ကိုယ်တော့် ကိုသိရှိရန် လိုလားတော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့က မကောင်းမှုပြုခဲ့သည့်အကြောင်းကို သိတော်မူပြီး၊ ယင်းကို ကိုယ်တော်ကအပြစ်ဟုခေါ်သည်။ အပြစ်ဒဏ်မှာ သေခြင်းပင်ဖြစ်၏၊ သို့သော် ဘုရားသခင်သည် သင့်ကိုအလွန်ချစ်၍ကိုယ်တော်၏ တစ်ပါးတည်းသောသားတော်ကို သင်တို့၏အပြစ်များအ တွက်လက်ဝါးကပ်တိုင်၌ အပြစ်ပေး၊ အသေခံစေခဲ့ပါသည်။ ထို့နောက် ယေရှုသည် အသက် တော်ပြန်ရှင်ကာ ကောင်းကင်စံအိမ်တော်သို့ ပြန်တက်တော်မူခဲ့သည်။ သင်သည်ယေရှုကိုယုံ ကြည်၍ ကိုယ်တော့်ထံတော်တွင် အပြစ်လွှတ်ရန် တောင်းပန်ခဲ့လျှင် ကိုယ်တော်သည် အပြစ် လွှတ်ပေးတော်မူလိမ့်မည်။ ကိုယ်တော်သည် ကြွလာတော်မူကာ သင့်အတွင်း၌ ယခုအသက်ရှင် တော်မူလိမ့်မည်၊ ၎င်းနောက် သင်သည် ကိုယ်တော်နှင့် ထာဝရနေထိုင်ရပေမည်။

ဤအရာသည်အမှန်တရားဖြစ်၍
သင်ယုံကြည်မည်ဆိုလျှင် ဘုရားသခင်ကို ဤသို့ဆိုလိုက်ပါ။
ချစ်စွာသောယေရှု၊ ကိုယ်တော်သည်ဘုရားသခင်ဖြစ်တော်မူကြောင်းကို
ကျွန်ုပ်ယုံကြည်ပါ၏၊ လူသားအဖြစ်ကြွရောက်လာကာ ကျွန်ုပ်၏အပြစ်အတွက်
အသေခံတော်မူခဲ့ကာ တဖန် ပြန်ရှင် တော်မူခဲ့ပါ၏။ ကျေးဇူးပြု၍ ကျွန်ုပ်၏ဘဝထဲ
ဝင်ရောက်ကာ အပြစ်များကိုလွှတ်တော်မူပါ။ ကိုယ်တော့်ကြောင့် ကျွန်ုပ်သည်
ယခုဘဝသစ်ကို ရနိုင်ပါပြီ တစ်နေ့တွင်ကိုယ်တော်နှင့် ကျွန်ုပ် သည်
ထာဝရအတူရှိပါမည်။ ကိုယ်တော့်ကို နာခံတတ်ရန်၊ ကိုယ်တော့်ကလေးကဲ့သို့
အသက်ရှင် တတ်ရန် မစတော်မူပါ။ အာမင်။

သမ္မာကျမ်းစာကိုဖတ်ကာ ဘုရားသခင်နှင့်
နေ့စဉ်စကားပြောပါ။ ယော ၃း၁၆